**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဝန်ကြီးဌာန**

**မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/ ၂၀၀၀**

**၁၃၆၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်**

**(၂၀၀၀ ခုနှစ်၊ ဇွန်လ ၁၅ ရက်)**

[ ပြင်ဆင် : 22.04.2015, 25.07.2016, 19.04.2019 ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနသည် မြန်မာ့ပုလဲလုပ် ငန်းဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပါရှိသည့် အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကိုဆိုသည်။

(ခ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း သို့မဟုတ် မုတ်ခွံရောင်းချခြင်း လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ခွင့်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဂ) **မှတ်ပုံတင်လက်မှတ်ရရှိသူ** ဆိုသည်မှာ ဥပဒေပုဒ်မ ၉ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရရှိသူကို ဆိုသည်။

(ဃ) **ကော်မတီ** ဆိုသည်မှာ ဤနည်းဥပဒေများအရ ဖွဲ့စည်းသည့် မုတ်ကောင်ငုပ်ကွက် နယ်နိမိတ် တိုင်းတာသတ်မှတ်ရေး ကော်မတီကိုဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်။

(စ) ပယ်ဖျက်

<ပြင်ဆင် 22.04.2015, 19.04.2019>

Myanmar Law Information System (MLIS)

## အခန်း(၂)

## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း

၃။ (က) ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစု စောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း သို့မဟုတ် မုတ်ခွံရောင်းချခြင်းလုပ်ငန်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် လျှောက်လွှာ **ပုံစံ (မပလ-၁)** တွင် ပြည့်စုံစွာ ရေးသွင်း၍ ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) အရ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း သို့မဟုတ် ပုလဲဖော်ယူခြင်းလုပ်ငန်း တစ်ရပ်ရပ်ကို ဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ဖြစ်စေ၊ လုပ်ကိုင်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့် ရရှိရန် လျှောက်လွှာ **ပုံစံ (မပလ-၂)** တွင် ပြည့်စုံစွာရေးသွင်း၍ ဝန်ကြီးဌာနသို့ လျှောက်ထား ရမည်။

<ပြင်ဆင် 19.04.2019>

၄။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်အပေါ် လိုအပ်သည့် စိစစ်မှုများပြုလုပ်ပြီး သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးရေးအတွက် စာချုပ်ချုပ်ဆိုရန် လျှောက်ထားသူအား အကြောင်းကြားရမည်။

(ဂ) လျှောက်ထားသူအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် စာချုပ်ချုပ်ဆိုစေရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ စာချုပ်ချုပ်ဆိုပြီးနောက် သတ်မှတ်ထားသည့် အခကြေးငွေကို လျှောက်ထားသူထံမှ လက်ခံရရှိလျှင် ခွင့်ပြုမိန့်ကို ပုံစံ (မပလ-၃) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

(င) နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်အပေါ် လိုအပ်သည့် စိစစ်မှုများပြုလုပ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးရေးအတွက် စာချုပ်ချုပ်ဆိုရန် လျှောက်ထားသူအား အကြောင်းကြားရမည်။

(စ) နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားသူအား နည်းဥပဒေခွဲ (ဂ) တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်စေရမည်။

(ဆ) နည်းဥပဒေခွဲ (စ) အရ စာချုပ်ချုပ်ဆိုပြီးနောက် သတ်မှတ်ထားသည့် အခကြေးငွေကို လျှောက်ထားသူထံမှ လက်ခံရရှိလျှင် ခွင့်ပြုမိန့်ကို ပုံစံ (မပလ-၄) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၅။ (က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် လျှောက်လွှာ **ပုံစံ (မပလ-၅)** တွင် ပြည့်စုံစွာ ရေးသွင်း၍ ဦးဆောင်ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် လျှောက်လွှာ **ပုံစံ (မပလ-၆)** တွင် ပြည့်စုံစွာ ရေးသွင်း၍ ဦးဆောင် ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည်-

(က) လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်အလက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လျှောက်ထားသူအား စစ်ဆေးနိုင်သည်။

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြည်ထောင်စုဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

(ဃ) သတ်မှတ်သည့် အခကြေးငွေကိုလျှောက်ထားသူထံမှ လက်ခံရရှိလျှင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (မပလ-၇) ဖြင့်လည်းကောင်း၊ မုတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ပုံစံ (မပလ-၈) ဖြင့်လည်းကောင်း၊ လျှောက်ထားသူအား ထုတ်ပေးရမည်။

<ပြင်ဆင် 22.04.2015>

၇။ ဝန်ကြီးဌာနသည်-

(က) ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုလည်းကောင်း ခွင့်ပြုသက်တမ်းကာလ ၁၅ နှစ်ဖြင့် ထုတ်ပေးရမည်။

(ခ) ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့်သက်တမ်း မကုန်မီ ၃ နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာပါက စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်တစ်ကြိမ်လျှင် ၅ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဂ) ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့်သက်တမ်းမကုန်မီ ၃ နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာပါက စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက တစ်ကြိမ်လျှင် ၅ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဃ) မုတ်ခွံရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလာပါက စိစစ်ပြီး ခွင့်ပြုမိန့်ကို တစ်နှစ်သက်တမ်းဖြင့် ထုတ်ပေးနိုင်သည်။ ခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့်သက်တမ်းမကုန်မီ ၃ လ ကြိုတင်၍ သက်တမ်းတိုးလျှောက်ထားလာလျှင် သတ်မှတ်ချက်နှင့် ညီညွတ်ပါက တစ်ကြိမ်လျှင် တစ်နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

<ပြင်ဆင် 22.04.2015, 25.07.2016, 19.04.2019>

## အခန်း (၃)

## ခွင့်ပြုမိန့်ရရှိသူ၏တာဝန်များ

Myanmar Law Information System (MLIS)

၈။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) နည်းဥပဒေ ၄ အရ ထုတ်ပေးသော ခွင့်ပြုမိန့်ရရှိသည့် နေ့မှရက်ပေါင်း ၉၀ အတွင်း ခွင့်ပြုမိန့်ပါ လုပ်ငန်းနှင့်စပ်လျဉ်း၍ အစီအစဉ်ရေးဆွဲပြီး ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဝန်ကြီးဌာနသို့ တင်ပြထားသည့် လုပ်ငန်းအစီအစဉ်နှင့်အညီ ခွင့်ပြုမိန့်ပါလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) ခွင့်ပြုမိန့်ပါ လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အကျိုးအကြောင်းဖော်ပြ၍ စတင်အကောင်အထည်ဖော်ရမည့် ရက်ကို တိုးမြှင့်သက်မှတ်ပေးနိုင်ရန် ဦးဆောင်ညွှန်ကြားရေးမှူးမှတဆင့် ဝန်ကြီးဌာနသို့ တင်ပြခွင့်ရှိသည်။

(ဃ) နည်းဥပဒေ ၄ အရ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ ပြည့်မြောက်သည့် တိုင် ခွင့်ပြုမိန့်ပါလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသည့်အပြင် သတ္တုတွင်းဝန် ကြီးဌာနကလည်း ရက်တိုးမြှင့်သတ်မှတ်ပေးခြင်းမရှိပါက ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို သတ္တုတွင်း ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

<ပြင်ဆင် 19.04.2019>

၉။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) မှတ်ကောင်သားဖောက်မွေးမြူခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့်ချုပ်ဆိုသော နှစ်ဖက်သဘောတူစာချုပ်တွင် နှစ်အလိုက်ခွင့်ပြုသည့် မှတ်ကောင်အရေအတွက်ကိုသာ မိမိ၏ ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း၌ အသုံးပြုခွင့်ရှိသည်။ ပိုလျှံသော မှတ်ကောင်သား ပေါက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်လမ်းညွှန်မှုနှင့်အညီ စီမံဆောင်ရွက်ရမည်။

(ခ) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းက အသိအမှတ်ပြုထားသည့် ကျွမ်းကျင်သူကိုဖြစ်စေ၊ ပုလဲမွေးမြူရေးကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသူကိုဖြစ်စေ အသုံးပြုရမည်။

(ဂ) မှတ်ကောင်သားဖောက်မွေးမြူခြင်းလုပ်ငန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အသိအမှတ်ပြုထားသည့် မှတ်ကောင်သားဖောက် ကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ် ရရှိထားသူကို အသုံးပြုရမည်။

(ဃ) မှတ်ကောင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အသိအမှတ်ပြုထားသည့် ကျွမ်းကျင်သူကိုဖြစ်စေ၊ မှတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ် ရရှိထားသူကိုဖြစ်စေ အသုံးပြုရမည်။

(င) မှတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မှတ်ကောင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အသိအမှတ်ပြုထားသည့် ပုလဲမွေးမြူရေး၊ ရေငုပ်ကျွမ်းကျင်သူကို အသုံးပြုရမည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 22.04.2015>

## အခန်း (၄)

## ငွေကြေးဆိုင်ရာ ပြဋ္ဌာန်းချက်များ

<ပြင်ဆင် 22.04.2015>

၁၀။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါအခကြေးငွေများကို ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း သို့မဟုတ် မုတ်ခွံရောင်းချခြင်းလုပ်ငန်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် ပေးသွင်းရမည့် အခကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ တစ်သိန်းတိတိ) နှင့်လုပ်ငန်းဖြစ်မြောက်ရေးအတွက် ဘဏ်အာမခံငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ တစ် သိန်းတိတိ)၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက် ခြင်း၊ ပုလဲမွေးမြူခြင်း သို့မဟုတ် ပုလဲဖော်ယူခြင်း လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက် ပို၍ဖြစ်စေ လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် ပေးသွင်းရမည့် အခကြေး ၁၀၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ထောင် တိတိ) တိတိနှင့် လုပ်ငန်းဖြစ်မြောက်ရေးအတွက် ဘဏ်အာမခံ ၁၀၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ထောင် တိတိ) တိတိ၊

(ဂ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် ပေးသွင်းရမည့် အခကြေး ကျပ်တစ်သိန်းတိတိ၊

(ဃ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် ပေးသွင်းရမည့် အခကြေးငွေ ကျပ် ၁၀၀,၀၀၀ (ကျပ် တစ်သိန်းတိတိ)။

<ပြင်ဆင် 22.04.2015, 19.04.2019>

၁၁။ ပယ်ဖျက်

<ပြင်ဆင် 22.04.2015, 19.04.2019>

၁၂။ ပယ်ဖျက်

<ပြင်ဆင် 19.04.2019>

၁၃။ ပယ်ဖျက်

<ပြင်ဆင် 22.04.2015, 19.04.2019>

၁၄။ ဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် အခကြေးငွေနှင့် အာမခံငွေတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

<ပြင်ဆင် 22.04.2015, 19.04.2019>



Myanmar Law Information System (MLIS)

## အခန်း (၅)

## မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

<ပြင်ဆင် 22.04.2015>

၁၅။ အောက်ပါလုပ်ငန်း တစ်ရပ်ရပ်အတွက် မှတ်ပုံတင်ခွင့်ရရှိရန်လျှောက်ထားလိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်-

(က) ရေယာဉ်ကို မှတ်ကောင်ငုပ်ရေယာဉ်အဖြစ် အသုံးပြုရန် လုပ်ငန်းအတွက် လျှောက်လွှာ ပုံစံ (မပလ-၉) တွင်လည်းကောင်း၊

(ခ) ပုလဲမွေးမြူရေး ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လုပ်ငန်းအတွက် လျှောက်လွှာ ပုံစံ (မပလ-၁၀) တွင်လည်းကောင်း၊

(ဂ) ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လုပ်ငန်းအတွက် လျှောက်လွှာ ပုံစံ (မပလ-၁၁) တွင်လည်းကောင်း၊

(ဃ) မှတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လုပ်ငန်းအတွက် လျှောက်လွှာပုံစံ (မပလ-၁၅) တွင်လည်းကောင်း၊

(င) မှတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လုပ်ငန်းအတွက် လျှောက်လွှာပုံစံ (မပလ-၁၆) တွင်လည်းကောင်း ပြည့်စုံစွာရေးသွင်း၍ ဦးဆောင်ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၁၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည်-

(က) နည်းဥပဒေ ၁၅ အရ လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်အလက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လျှောက်ထားသူအား စစ်ဆေးနိုင်သည်။

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် အခြားအခကြေးငွေကို လျှောက်ထားသူထံမှ လက်ခံရရှိလျှင် မှတ်ကောင်ငုပ်ရေယာဉ် မှတ်ပုံတင်လက်မှတ်ကို ပုံစံ (မပလ-၁၂) ဖြင့်လည်းကောင်း၊ ပုလဲမွေးမြူရေး ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ပုံစံ (မပလ-၁၃) ဖြင့်လည်းကောင်း၊ ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ပုံစံ (မပလ-၁၄)ဖြင့်လည်းကောင်း၊ မှတ်ကောင်သားဖောက်ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ပုံစံ (မပလ-၁၇) ဖြင့်လည်းကောင်း၊ မှတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ပုံစံ (မပလ-၁၈) ဖြင့် လည်းကောင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၁၇။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ကြေးမှာ ယှဉ်တွဲဖော်ပြသည့်အတိုင်း ဖြစ်သည်-

| | | | | |
|---|---|---|---|---|
| (က) | မှတ်ကောင်ငုပ်ရေယာဉ်တစ်စီး | - | ကျပ် | ၁၀၀,၀၀၀ |
| (ခ) | ပုလဲမွေးမြူရေးကျွမ်းကျင်သူတစ်ဦး | - | ကျပ် | ၅,၀၀၀ |

Myanmar Law Information System (MLIS)

(ဂ) ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူတစ်ဦး - ကျပ် ၅,၀၀၀

(ဃ) မှတ်ကောင်သားဖောက်ကျွမ်းကျင်သူတစ်ဦး - ကျပ် ၅,၀၀၀

(င) မှတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူတစ်ဦး - ကျပ် ၅,၀၀၀

၁၈။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားအလိုက် နှစ်စဉ်ကြေးမှာ ယှဉ်တွဲဖော်ပြသည့်အတိုင်း ဖြစ်သည်-

(က) မှတ်ကောင်ငုပ်ရေယာဉ်တစ်စီး - ကျပ် ၂၀၀၀၀

(ခ) ပုလဲမွေးမြူရေးကျွမ်းကျင်သူတစ်ဦး - ကျပ် ၂၀၀၀

(ဂ) ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူတစ်ဦး - ကျပ် ၂၀၀၀

(ဃ) မှတ်ကောင်သားဖောက်ကျွမ်းကျင်သူတစ်ဦး - ကျပ် ၂၀၀၀

(င) မှတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူတစ်ဦး - ကျပ် ၂၀၀၀

၁၉။ နည်းဥပဒေ ၁၇ နှင့် နည်းဥပဒေ ၁၈ တို့တွင် ဖော်ပြထားသည့် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

<ပြင်ဆင် 22.04.2015>

၂၀။ (က) မှတ်ပုံတင်လက်မှတ်သက်တမ်းသည် ထိုမှတ်ပုံတင် လက်မှတ်တွင်ဖော်ပြထားသည့်ကာလ အပိုင်းအခြားအတိုင်း ဖြစ်သည်။

(ခ) မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် မိမိဆန္ဒအရ မှတ်ပုံတင်လက်မှတ် သက်တမ်းကို အများဆုံး ၃ နှစ် လျှောက်ထားနိုင်သည်။

<ပြင်ဆင် 22.04.2015>

၂၁။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက် လုပ်ကိုင်လိုပါကသက်တမ်းတိုးမြှင့်ပေးရန် ဦးဆောင်ညွှန်ကြားရေးမှူးထံ သက်တမ်းမကုန်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်လျှောက်ထားရမည်။

<ပြင်ဆင် 22.04.2015>

၂၂။ ဦးဆောင်ညွှန်ကြားရေးမှူးသည်-

(က) မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့် ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

Myanmar Law Information System (MLIS)

(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သက်မှတ်ထားသည့် နှစ်စဉ်ကြေးကို ပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးရမည်။

<ပြင်ဆင် 22.04.2015>

## အခန်း (၆)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏တာဝန်များ

<ပြင်ဆင် 22.04.2015>

၂၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဝန်ကြီးဌာနက သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးတို့ကို မှတ်ပုံတင်လက်မှတ် ထုတ်ယူသည့်နေ့တွင် အပြီးပေးသွင်းရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

## အခန်း (၇)
## မှတ်ကောင်ငုပ်ကွက်သတ်မှတ်ခြင်း

<ပြင်ဆင် 22.04.2015>

၂၄။ ဝန်ကြီးဌာနသည်-

(က) မှတ်ကောင်ငုပ်ကွက် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မှတ်ကောင်ငုပ်ကွက် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးကော်မတီကို ဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (၁) | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | ... | ဥက္ကဋ္ဌ |
| (၂) | သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | ... | အဖွဲ့ဝင် |
| (၃) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | ... | အဖွဲ့ဝင် |
| (၄) | ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ ကိုယ်စားလှယ်တစ်ဦး | ... | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် မှ ကိုယ်စားလှယ်တစ်ဦး | ... | အဖွဲ့ဝင် |
| (၆) | သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး | ... | အဖွဲ့ဝင် |
| (၇) | ပုလဲလုပ်ငန်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်ပညာရှင် တစ်ဦးမှသုံးဦးအထိ | ... | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

(၈) ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ... အတွင်းရေးမှူး

(ခ) လိုအပ်ပါက ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၂၅။ ကော်မတီသည် မုတ်ကောင်ငုပ်ကွက် နယ်နိမိတ် တိုင်းတာသတ်မှတ်သည့် အစီရင်ခံစာကို ပြုစုပြီး ဝန်ကြီးဌာနသို့ တင်ပြရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၂၆။ ဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၂၅ အရ တင်ပြလာသော မုတ်ကောင်ငုပ်ကွက် နယ်နိမိတ် တိုင်းတာသတ်မှတ်သည့် အစီရင်ခံစာနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး သဘောထားမှတ်ချက် ဖြင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိသည့်အခါ မုတ်ကောင်ငုပ်ကွက် နယ်နိမိတ် တိုင်းတာသတ်မှတ်ချက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၂၇။ ဝန်ကြီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက စီမံခန့်ခွဲလျက်ရှိသော ရေပြင်တွင် မုတ်ကောင်ငုပ်ကွက် နယ်နိမိတ်တိုင်းတာ သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းပြီး သဘောထားမှတ်ချက်ရယူရမည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို ခွင့်ပြုမိန့်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၂၈။ ဝန်ကြီးဌာနသည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်ငုပ်ကွက် တစ်ခုလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသ ကိုဖြစ်စေ၊ မုတ်ကောင်ငုပ်ကွက်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ယင်းသို့ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို အမိန့်ကြော်ငြာစာထုတ်ပြန် ကြေညာရမည်။

(ခ) သတ်မှတ်ထားသည့် မုတ်ကောင်ငုပ်ကွက် နယ်နိမိတ်များပါဝင်သော မုတ်ကောင်ငုပ်ကွက် ဧရိယာပြ မြေပုံကို သက်ဆိုင်ရာ အစိုးရဌာနများသို့ ဖြန့်ဝေရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

## အခန်း (၈)

## တန်ဖိုးဖြတ်အဖွဲ့၏လုပ်ငန်းတာဝန်များ



Myanmar Law Information System (MLIS)

<ပြင်ဆင် 22.04.2015,25.07.2016>

၂၉။ ပယ်ဖျက်

<ပြင်ဆင် 22.04.2015,25.07.2016>

၃၀။ တန်ဖိုးဖြတ်အဖွဲ့သည် ဥပဒေပုဒ်မ ၂၆ ပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) တန်ဖိုးဖြတ်အဖွဲ့သည် ခွင့်ပြုမိန့်ရရှိသော ဖက်စပ်ပုလဲမွေးမြူရေး ကုမ္ပဏီများကဖော်ယူ ရရှိသည့် ပုလဲများကို လာရောက်ပြသလျှင် ပုလဲများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရေးသွင်း၍ တန်ဖိုးသတ်မှတ်ပေးရမည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့၏ ဥက္ကဋ္ဌသည် တန်ဖိုးသတ်မှတ်ရန် လိုအပ်ပါက အစည်းအဝေးကို အချိန်မရွေး ခေါ်ယူခွင့်ရှိသည်။

(ဂ) တန်ဖိုးဖြတ်အဖွဲ့၏ အဖွဲ့ဝင်ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(ဃ) တန်ဖိုးဖြတ်အဖွဲ့သည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့် တန်ဖိုးသတ်မှတ်ရမည်။

(င) တန်ဖိုးဖြတ်အဖွဲ့သည် တန်ဖိုးဖြတ်ရာတွင် လိုအပ်ပါက ပုလဲဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများကို ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံနိုင်သည်။

(စ) တန်ဖိုးဖြတ်အဖွဲ့သည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့် ရရှိထားသော ပုလဲထုတ်လုပ်သည့် ကုမ္ပဏီများ၏ ဖော်ယူရရှိသော ပုလဲများကို စာချုပ်ပါအတိုင်း အချိုးကျခွဲဝေသည့် အစီအစဉ်ကို ကြီးကြပ်ဆောင်ရွက်ရမည်။

<ပြင်ဆင် 22.04.2015, 25.07.2016>

## အခန်း (၉)

## အထွေထွေ

<ပြင်ဆင် 22.04.2015>

၃၁။ ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၅ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မုတ်ကောင်ငုပ်ကွက်များ ထိခိုက်ပျက်စီးခြင်းနှင့် မုတ်ကောင်များမျိုးပြုန်းတီးခြင်းတို့မှ ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သော တားမြစ်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၃၂။ ဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းဆောင်ရွက်သည့် ရေယာဉ်များကို အခကြေးငွေ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၃၃။ ဦးဆောင်ညွှန်ကြားရေးမှူးသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 22.04.2015>

၃၄။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ဝန်ကြီးဌာန၏ သဘောတူ ညီချက်ဖြင့် ပြည်တွင်းပြည်ပတွင် ပုလဲများကို ပြသခြင်း၊ ရောင်းချခြင်း ပြုနိုင်သည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၃၅။ စစ်ဆေးရေးအရာရှိချုပ်ဖြစ်သည့် **သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်**သည် မိမိ၏ ဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ အစီရင်ခံရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

၃၆။ စစ်ဆေးရေးအရာရှိများသည် မိမိတို့၏ ဆောင်ရွက်ချက်များကို စစ်ဆေးရေးအရာရှိချုပ်ထံ အစီရင်ခံရမည်။

<ပြင်ဆင် 22.04.2015>

၃၇။ ပယ်ဖျက်

<ပြင်ဆင်  19.04.2019>

၃၈။ (က) ခွင့်ပြုမိန့်ရရှိသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ အရင်းကြေကာလ သို့မဟုတ် လုပ်ငန်းစတင်သည်မှ ၇ နှစ်ထက်မပိုသောကာလ၊ ထိုကာလနှစ်ရပ်အနက် စောရာကာလတွင် ရင်းနှီးမြှုပ်နှံမှု၏ တစ်ရာခိုင်နှုန်းကိုလည်းကောင်း၊ ယင်းကာလ၏ နောက်ပိုင်းတွင် အမြတ်၏ နှစ်ရာခိုင်နှုန်းကို လည်းကောင်း သက်ဆိုင်ရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နှစ်စဉ်ထည့်ဝင်၍ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရမည်။

(ခ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ခွင့်ပြုမိန့်ရရှိသူအား ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း စတင်ချိန်မှ ၃ လအတွင်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို လုပ်ငန်းတည်ရှိရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုဘဏ်စာရင်းဖွင့်လှစ်စေရမည်။

(ဂ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ကိုယ်စားလှယ် တစ်ဦး၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ၏ ကိုယ်စားလှယ်တစ်ဦးတို့၏ အမည်ဖြင့် ငွေစုဘဏ်စာရင်း ဖွင့်လှစ်ရမည်။

(ဃ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းလုပ်ဆောင်မှုများကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ခွင့်ပြုမိန့်ရရှိသူတို့က ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်ရမည်။

(င) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေကို ထုတ်ယူသုံးစွဲမည်ဆိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရမည်။

(စ) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါ ပုလဲမွေးမြူထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်စဲ သို့မဟုတ် ဖျက်သိမ်းလျှင် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းကို ဝန်ကြီးဌာန၏ အတည်ပြုချက် ရရှိပြီးမှသာလျှင် အပြီးသတ် ပိတ်သိမ်းရမည်။

<ပြင်ဆင် 22.04.2015, 19.04.2019>

Myanmar Law Information System (MLIS)

၃၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ခွင့်ပြုမိန့်ရရှိသူသည် ၎င်း၏ ကြီးကြပ်မှုအောက်ရှိ ပုလဲထုတ်လုပ်ခြင်း လုပ်ငန်းတွင် ဘေးအန္တရာယ် ကင်းရှင်းရန်နှင့် မတော်တဆ ဖြစ် ပွားမှုများမှ ကာကွယ်ရန် လိုအပ်သော အစီအစဉ်များအား ဆောင်ရွက်ထားရမည်။ အထူးသဖြင့် အောက်ပါတို့ကို စိစစ်ဆောင်ရွက်ထားရမည်-

(က) အလုပ်ခန့်ထားရာတွင် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ခန့်ထားရမည်။

(ခ) ဝန်ထမ်းများ၊ အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေး ကိစ္စများအပြင် လုပ်ငန်းနှင့်သက်ဆိုင်သော နားလည်နိုင်သည့် ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊ လုံလောက်သော လေ့ကျင့်မှု အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ဂ) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း၏ ထူးခြားမှုအပေါ် မူတည်ပြီး ကြိုတင်မျှော်မှန်းနိုင်သော သဘာဝနှင့်လုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များအား အရေးပေါ်ကာကွယ်နိုင်မည့် စီမံချက်ကို စီစဉ်ထားရှိရမည်။

(ဃ) လုပ်ငန်းခွင်တွင် ဝန်ထမ်းနှင့် အလုပ်သမားများ ဘေးအန္တရာယ်တွေ့ကြုံနိုင်ဖွယ် ရှိ၊ မရှိကို အချိန်မှန် စိစစ်သုံးသပ်ရမည်။

(င) သင့်လျော်သော အန္တရာယ်ကာကွယ်ရေးဝတ်စုံ၊ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများနှင့် အခြားအစီအမံများကို အခမဲ့ ပံ့ပိုးပေးရမည်။

(စ) မည်သည့်အချိန်၌မဆို ရေပေါ်ရေအောက်လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်သည့် ပုဂ္ဂိုလ်ဝန်ထမ်း၊ အလုပ်သမားများ၏ အမည်၊ ရာထူးအဆင့်၊ လုပ်ငန်းတာဝန်နှင့် ရောက်ရှိနေသည့် နေရာများကို ဖော်ပြသိရှိနိုင်သည့်စနစ်တစ်ခုကို စီစဉ်ထားရှိရမည်။

(ဆ) ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများ၊ အလုပ်သမားများအား သင့်လျော်သော ဆေးဝါးကုသမှုကို ခံယူနိုင်ရေးအတွက် ကုသရာနေရာသို့ ရောက်ရှိအောင် အမြန်ဆုံး ဆောင်ရွက်ပေးရမည်။

(ဇ) ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများ၊ အလုပ်သမားများအား အခမဲ့ဆေးဝါးကုသမှု ခံယူနိုင်ရန်အတွက် ဆောင်ရွက်ပေးရမည်။

<ပြင်ဆင် 22.04.2015>

ဗိုလ်မှူးချုပ်အုန်းမြင့်
ဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဝန်ကြီးဌာန

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ(မပလ-၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူ ခြင်း၊ မုတ်ခွံရောင်းချခြင်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ [နည်းဥပဒေ ၃ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ(မပလ-၂) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ [နည်းဥပဒေ ၃ (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ(မပလ-၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန ခွင့်ပြုမိန့် [နည်းဥပဒေ ၄(ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ(မပလ-၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန ခွင့်ပြုမိန့် [နည်းဥပဒေ ၄ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ(မပလ-၅) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ [နည်းဥပဒေ ၅ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ(မပလ-၆) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ [နည်းဥပဒေ ၅ (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ(မပလ-၇) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် [နည်းဥပဒေ ၆ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ(မပလ-၈) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် [နည်းဥပဒေ ၆ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ(မပလ-၉) မုတ်ကောင်ငုပ် ရေယာဉ်အဖြစ် အသုံးပြုနိုင်ရန် မှတ်ပုံတင်ခွင့်လျှောက်လွှာ [နည်းဥပဒေ ၁၂ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 09 ပုံစံ(မပလ-၉) မုတ်ကောင်ငုပ် ရေယာဉ်အဖြစ် အသုံးပြုနိုင်ရန် မှတ်ပုံတင်ခွင့်လျှောက်လွှာ [နည်းဥပဒေ ၁၂ (က)]

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 10 ပုလဲမွေးမြူရေးကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခွင့်လျှောက်လွှာ [နည်းဥပဒေ ၁၂ (ခ)]

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 11 ပုံစံ(မပလ-၁၁) ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခွင့်လျှောက်လွှာ [နည်းဥပဒေ ၁၂ (ဂ)]

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 12 ပုံစံ(မပလ-၁၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း မုတ်ကောင်ငုပ်ရေယာဉ်မှတ်ပုံတင်လက်မှတ် [နည်းဥပဒေ ၁၃ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 13 ပုံစံ (မပလ-၁၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲမွေးမြူရေးကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် [နည်းဥပဒေ ၁၃ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 14 ပုံစံ(မပလ-၁၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် [နည်းဥပဒေ ၁၃ (ဃ)]

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 16 ] 15 ပုံစံ(မပလ-၁၅) မှတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခွင့်လျှောက်လွှာ [နည်းဥပဒေ ၁၅ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 17 ] 16 ပုံစံ(မပလ-၁၆) မှတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်း ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခွင့်လျှောက်လွှာ [နည်းဥပဒေ ၁၅ (င)]

[ ပူးတွဲဖော်ပြသော စာရင်း 18 ] 17 မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း မှတ်ကောင်သားဖောက်ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် [နည်းဥပဒေ ၁၆ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 19 ] 18 ပုံစံ (မပလ - ၁၈) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း မှတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်း ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် [နည်းဥပဒေ ၁၆ (ဃ)]

[ ပူးတွဲဖော်ပြသော စာရင်း 20 ] 19 ပုံစံ (မပလ - ၁၉) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ( ) ကျွန်း ပုလဲမွေးမြူရေးစခန်း ခွဲစိတ်ခန်းလုပ်ဆောင်ချက် [နည်းဥပဒေ ၃၇ (ဃ)]

Myanmar Law Information System (MLIS)